ပြီးခဲ့တဲ့ ဇန်နဝါရီ ၇ ရက်ကနေ ဖေဖော်ဝါရီ လကုန်အထိ ကယားပြည်နယ်ထဲမှာ စစ်ကောင်စီ တပ်ဘက်က လေကြောင်းတိုက်ခိုက်မှု ၆၉ ကြိမ်အထိရှိခဲ့ပြီး ဘာသာရေး အဆောက်အအုံ ၁၀ လုံးနဲ့ လူနေအိမ် ၆၄၉ လုံး ပျက်စီးခဲ့တယ်လို့လည်း ဖော်ပြထား ပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၆ ရက်ကစပြီး စစ်ကောင်စီ တပ်တွေဟာ မိုးပြဲမြို့နဲ့ နန်းမယ်ခုံမြို့ကို အင်အား အလုံးအရင်းနဲ့ စစ်ကြောင်းထိုးလာပြီး ပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့တွေနဲ့ တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့ကြရာမှာ စစ်ကောင်စီ ဘက်က ဂျက်တိုက်လေယာဉ်၊ လက်နက်ကြီးတွေနဲ့ ပစ်ခတ် တိုက်ခိုက်ခဲ့တာကြောင့် ပြည်သူလူထုတွေ ထိခိုက် သေဆုံးခဲ့လို့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တွေ ဆုတ်ခွာပေးခဲ့ရပါတယ်။

ကယားပြည်နယ်ထဲမှာ တိုက်ပွဲတွေကြောင့် အရပ်သားပြည်သူတွေ သေဆုံးတာ တစ်ယောက်မှမရှိဘဲ လွိုင်ကော်မြို့ပေါ်အထိ အကြမ်းဖက်အဖွဲ့တွေ ဝင်ရောက်လာလို့ တိုက်ထုတ်ခဲ့ရကြောင်း၊ PDF တွေက

အရပ်ဝတ်တွေနဲ့ စစ်ဘေးရှောင်စခန်းတွေမှာ ခိုအောင်းနေတာတွေရှိလို့ လုံခြုံရေးအရ ဆောင်ရွက်ရတာတွေရှိတယ်လို့ ဗိုလ်ချုပ် ဖော်မင်းထွန်း က RFA ကို ပြောပါတယ်။

ကယားပြည်နယ်ထဲ ပြီးခဲ့တဲ့နှစ် မေလ ၂၂ ရက်ကနေ အခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်အတွင်း စစ်ရေးဆိုင်ရာ ထိတွေ့မှုတွေကြောင့် စစ်ဘေးဒုက္ခသည် ၁၇၀,၀၀၀ လောက် ဘေးလွတ်ရာ ထွက်ပြေးနေကြရတယ်လို့ ကရင်နီပြည်နယ် အတိုင်ပင်ခံ ကောင်စီ (KSCC) က မနေ့က ထုတ်ပြန်ထားပါတယ်။

https://www.rfa.org/burmese/news/75-civilians-died-during-2-months-03022022050536.html

-----------------------------------------------------------------------------------------------

## တိုက်ပွဲကြောင့် မြန်မာနိုင်ငံတောင်ပိုင်းမှ အိုးအိမ်စွန့်ထွက်ပြေးရသူ ၂ သိန်း ၂ သောင်းကျော်ရှိလာ

Published By DVB | 2 March, 2022




စစ်အာဏာသိမ်းကာလ တနှစ်ကျော်အတွင်း တိုက်ပွဲတွေနဲ့ လုံခြုံရေးအခြေအနေတွေကြောင့် မြန်မာနိုင်ငံတောင်ပိုင်းက အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ကြရသူ ၂ သိန်း ၂ သောင်း ကျော် ရှိလာခဲ့ပြီလို့ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) က ထုတ်ပြန်ပါတယ်။

အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ကြရသူတွေထဲမှာ ကယားပြည်နယ်က လူဦးရေ ၈၂,၄၀၀၊ ကရင် ပြည်နယ်မှာ ၆၈,၄၀၀၊ ရှမ်းပြည်နယ်တောင်ပိုင်းမှာ ၆၀,၅၀၀၊ မွန်ပြည်နယ်မှာ ၇,၅၀၀၊ တနင်္သာရီတိုင်းဒေသကြီးမှာ ၂,၆၀၀ နဲ့ ပဲခူးတိုင်းဒေသကြီးမှာ ၈၀၀ လောက် ပါဝင်တယ်လို့ ဆိုပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းမှာ စစ်ကောင်စီတပ်တွေ၊ တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့တွေနဲ့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တွေကြားက တိုက်ပွဲတွေ ပြင်းထန်နေပြီး ဒီးမော့ဆိုနဲ့ ဖယ်ခုံမြို့နယ်တွေက လူဦးရေ ၃,၃၇၀ လောက်ဟာ ကယားပြည်နယ်၊ ဒီးမော့ဆိုနဲ့ ရှမ်းပြည်နယ်တောင်ပိုင်းက ဆီဆိုင်၊ ရပ်စောက်၊ ဖယ်ခုံနဲ့ ပင်လောင်းမြို့နယ်တွေဆီ ဖေဖော်ဝါရီ ၁၆ ရက်ကတည်းက အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ကြရတယ်လို့ ဆိုပါတယ်။

ကရင်ပြည်နယ် လေးကော့ကော်မှာတော့ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၈ ရက်နဲ့ ၁၉ ရက်တွေအတွင်း အချိန်အခါမဟုတ် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တိုက်ပွဲရှောင်ထွက်ပြေးလာ သူဦးရေ ၅,၀၀၀ လောက် နေထိုင်နေတဲ့ ယာယီစခန်းတွေမှာ ရေကြီးရေလျှံမှုတွေ ဖြစ်ပွားခဲ့ပါတယ်။
လူသားချင်းစာနာမှုလုပ်ငန်းဆောင်ရွက်သူတွေဟာ လိုအပ်ချက်မြင့်တက်လာတဲ့ အစားအစာ၊ ဆေးဝါးနဲ့ အမိုးအကာတွေ ရရှိရေးအတွက် မိတ်ဖက်အဖွဲ့တွေနဲ့ ပူးပေါင်းကူညီပေးနိုင်အောင် ကြိုးစားနေတယ်လို့ ထုတ်ပြန်ချက်မှာ ဖော်ပြတယ်။

တချိန်တည်းမှာပဲ လူဦးရေ ၇,၀၀၀ လောက်ဟာ မူလနေထိုင်ရာ နေရာတွေကို ပြန်လာခဲ့ကြပြီး အဲဒီလို ပြန်လာကြသူတွေထဲမှာ ၂၀၂၂ ခုနှစ် ဇန်နဝါရီလကတည်းက ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်တောင်ပိုင်းက နေရပ်စွန့်ခွာ ထွက်ပြေးလာရသူဦးရေ ၄,၇၄၀ အပြင် ကယားပြည်နယ် လွိုင်ကော်မြို့နယ်က ရှမ်းပြည်နယ်တောင်ပိုင်းဆီ ယာယီရွှေ့ပြောင်း နေထိုင်ရသူတွေလည်း ပါဝင်တယ်လို့ ဆိုပါတယ်။

အခုဖြစ်ပွားနေတဲ့ conflict dynamics အခြေအနေအရ ကယားပြည်နယ်ဆီ ပြန်လာမှုတွေဟာ ယာယီဖြစ်ပြီး နေရပ်စွန့်ခွာ ထွက်ပြေးမှုတွေ ပြန်လည်ဖြစ်ပွားမယ်လို့ ကုလသမဂ္ဂက ခန့်မှန်းထားပါတယ်။

https://burmese.dvb.no/archives/519788

---------------------------------------------------------------------------------------------------

## မြန်မာ့ ပထမဆုံး စစ်အာဏာသိမ်းမှု နှစ် ၆၀ ပြည့်တဲ့အခါ

David I. Steinberg | 2 March 2022

နှစ်ပေါင်း ၆၀ ဆိုသည်မှာ အရှေ့အာရှမှ နိုင်ငံအများအပြားတွင် မင်္ဂလာရှိသော ဘဝစက်ဝိုင်းအဖြစ် သတ်မှတ်ကြသည်။ ၁၂ ရာသီခွင် ၅ ခုကို ကြုံကြုံခံပြီးနောက် ထိုသို့သော နှစ်များက ပေးအပ်လိုက်မည့် လူမှုလေးစားမှုနှင့် ဉာဏ်ပညာတို့နှင့်အတူ ကြည်ညိုခံရသော အရွယ်သို့ ရောက်လာသည်။ နှစ် ၆၀ ပြည့်ခြင်းသည် ပျော်ရွှင်စရာ အခါသမယဖြစ်သည်။

မတ်လ ၂ ရက်နေ့တွင် မြန်မာနိုင်ငံသည် အထိမ်းအမှတ်တခု ပြုလုပ်ကောင်းပြုလုပ်မည် ဆိုပါက စစ်တပ်အား မည်သည့်အခါမျှ စွန့်လွှတ်မည်မဟုတ်သည့် အာဏာကို ယူဆောင်ပေးသည့် ၁၉၆၂ ခုနှစ် စစ်အာဏာသိမ်းမှုအတွက် အခမ်းအနား ကျင်းပမည် မဟုတ်ပေ။

နှစ်ပေါင်း ၆၀ ဆိုသည့် ဘဝစက်ဝိုင်း တပတ်ပြည့်ခြင်း တခမ်းအနား ကျင်းပရမည့် အခါသယမ ဖြစ်သော်လည်း ယခုတကြိမ်တွင်မူ ထိုသို့ မဟုတ်ပေ။ အမိန့်ဖြင့် တိုက်ရိုက်အုပ်ချုပ်ခြင်း၊ ၎င်းတို့ဩဇာအောက်တွင် နိုင်ငံရေး ပါတီ ၃ ခုကို တည်ထောင်ခြင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲခြင်းနှင့် အတင်းအကျပ် လက်ခံခိုင်းခြင်း၊ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအောက်မှ ဥပဒေ လုပ်ထုံးလုပ်နည်းများဖြင့် ၎င်းတို့ကိုယ် ၎င်းတို့ အာဏာရှိစေခြင်းနှင့် ရွေးကောက်ပွဲရလဒ်ကို လက်တလုံးခြား အသုံးပြုခြင်းတို့ဖြင့် မြန်မာစစ်တပ်သည် ၎င်းတို့အကျိုးစီးပွားအတွက် အဓိကကျသည်ဟု ယူဆသည့် လူအဖွဲ့အစည်း၏ အစိတ်အပိုင်းများအပေါ် ထိထိရောက်ရောက် ထိန်းချုပ်ထားခြင်းတို့သာ ကြုံတွေ့ခဲ့ရသည်။

နှစ် ၆၀ အထွဋ်အထိပ်ကာလ ရောက်လာသောအခါ စစ်အုပ်စုသည် ၎င်းတို့၏ လွှမ်းမိုးမှုကို လွန်ခဲ့သောနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့က ဆိုးရွားလှသော စစ်အာဏာသိမ်းမှုဖြင့် တိုးချဲ့လိုက်သည်။ သာမန်ပြည်သူများက မည်မျှပင် ငြင်းဆန်သည်ဖြစ်စေ ၎င်းတို့၏ အာဏာနှင့်ဩဇာက သက်ဆိုး ဆက်ရှည်နေပြီး နိုင်ငံကို ပိုမိုကျဆုံးနေစေသည်။

စစ်အုပ်ချုပ်ရေး ဆယ်စုနှစ် ၆ ခု သို့မဟုတ် မျိုးဆက် ၃ ခုအတွက် စစ်တပ်ထိန်းချုပ်သော အုပ်ချုပ်ရေးက ဝမ်းနည်းစရာ ဒေသတွင်း သို့မဟုတ် ကမ္ဘာ့စံချိန် တမျိုးမျိုးကို တင်စေမည်ဖြစ်သည်။ ၎င်းတို့ကိုယ် ၎င်းတို့ပေးထားသည့် အခွင့်အာဏာကို တိုက်ရိုက်မကျင့်သုံးသောအခါ မြန်မာစစ်တပ်သည် နိုင်ငံရေးပါတီ ၃ ခုကို တည်ထောင်ခဲ့သည်။

*နှစ် ၆၀ အထွဋ်အထိပ်ကာလ ရောက်လာသောအခါ စစ်အုပ်စုသည် ၎င်းတို့၏ လွှမ်းမိုးမှုကို လွန်ခဲ့သောနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့က ဆိုးရွားလှသော စစ်အာဏာသိမ်းမှုဖြင့် တိုးချဲ့လိုက်သည်။ သာမန်ပြည်သူများက မည်မျှပင် ငြင်းဆန်သည်ဖြစ်စေ ၎င်းတို့၏ အာဏာနှင့်ဩဇာက သက်ဆိုး ဆက်ရှည်နေပြီး နိုင်ငံကို ပိုမိုကျဆုံးနေစေသည်။*

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပါတီနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတို့ ဖြစ်သည်။ ထိုပါတီများတွင် မည်သည့်ဒီမိုကရေစီ အရိပ်လက္ခဏာမျှ မရှိပေ။ ထိုပါတီ အားလုံးတွင် တာဝန်ထမ်းဆောင်ဆဲ သို့မဟုတ် အငြိမ်းစား စစ်သားများသည် ခေါင်းဆောင်ပိုင်းတွင်သာမက သာမန်အဆင့်တွင်ပါ ရှိနေသည်။

သို့သော် ၁၉၆၂ ခုနှစ်သည် မြန်မာနိုင်ငံတွင် စစ်တပ် အာဏာ၏ မူလအစ မဟုတ်ပေ။ ထိုမူလအစသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေး၊ တိုင်းရင်းသားနှင့် နိုင်ငံရေး ပုန်ကန်မှုများနှင့်အတူ လာသည်။

ပထမဆုံး ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ အာဏာသိမ်းခြင်းသည် ၁၉၅၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သည်။ ထိုအာဏာသိမ်းမှုတွင် စစ်တပ်သည် အာဏာရပါတီတွင်း အကွဲအပြဲနှင့် ရင်ဆိုင်နေရသော အရပ်သား အစိုးရကို အတင်းအကျပ် သဘောတူစေခြင်းဖြင့် အာဏာသိမ်းခဲ့ပြီး ၁၈ လ ကြာသည်။

ထိုအုပ်ချုပ်ရေးသည် ပဒေသရာဇ်ဆန်သော်လည်း နိုင်ငံရေးနှင့် စီးပွားရေး ကျဆင်းနေမှုကို တားဆီးနိုင်သောကြောင့် ယေဘုယျအားဖြင့် အမြင်ကောင်းကြသည်။

ထိုကာလအကုန်တွင် စစ်တပ်က နုတ်ထွက်ပြီး လွတ်လပ်သော ရွေးကောက်ပွဲများ ကျင်းပပေးသော်လည်း စစ်တပ်က လိုလားသောပါတီသည် ရွေးကောက်ပွဲရှုံးကာ ဝန်ကြီးချုပ်ဦးနုက ၁၉၆၂ ခုနှစ် စစ်အာဏာသိမ်းမှုအထိ ၂ နှစ်ခန့် အုပ်ချုပ်ရသည်။ ထိုရွေးကောက်ပွဲသည် စစ်တပ်က ဝင်ရောက်စီမံခြင်းမရှိသည့် ရွေးကောက်ပွဲ၏ ထူးခြားသော ဥပမာတခုဖြစ်သည်။

သို့သော် စစ်အုပ်ချုပ်ရေးက အားလုံးကောင်းသွားပါပြီဟု ဖြစ်မလာပေ။ ၁၉၆၂ ခုနှစ် အာဏာသိမ်းပြီး မကြာမီ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ကျဆုံးသောအခါ နိုင်ငံတော်အခြေအနေ တစတစ ယိုယွင်းလာပြီး ၁၉၈၈ ခုနှစ် စစ်တပ်ကို ဆန့်ကျင်သည့် ပြည်သူ့တော်လှန်ရေး ဖြစ်လာခဲ့တော့သည်။

စစ်အုပ်စုသည် နိုင်ငံကို ဆက်လက်ထိန်းချုပ်ခဲ့ပြီး အပြောင်းအလဲနှင့် ပြုပြင်ပြောင်းလဲရေး လိုအပ်ကြောင်း ၂၀၁၀ ပြည့်နှစ်ခန့်တွင် စတင်သဘောပေါက်လာပြီး ဗိုလ်ချုပ်ကြီးဟောင်း သမ္မတ ဦးသိန်းစိန်၏ အားထုတ်မှုများကို ပြည်တွင်းပြည်ပမှ ကောင်းစွာကြိုဆိုကြသည်။

သို့သော် သူသည် တိုင်းရင်းသားလူနည်းစုများ ကျေနပ်စေရန် အနည်းငယ်မျှသာ လုပ်နိုင်ပြီး ဖက်ဒရယ်အုပ်ချုပ်ရေးစနစ်ကို တောင်းဆိုသည်။ သို့သော် ပိုမိုကျယ်ပြန့်လာသော နိုင်ငံသားအခွင့်အရေးများနှင့် ၂၀၁၆ ခုနှစ်တွင် ရွေးကောက်ခံ အတိုက်အခံများဖြစ်သည့် အရပ်သား ဦးဆောင်သော အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) နှင့် အာဏာအချို့ ခွဲဝေခြင်းအပါအဝင် အခွင့်အရေးများ တိုးတက်မှုမှာ ထင်ရှားသည်။

နိုင်ငံတကာ မီဒီယာသည် မကြာသေးမီက ကမ္ဘာတဝှမ်း ပေါ်ပေါက်လာသည့် စစ်အာဏာသိမ်းမှုများ အထူးသဖြင့် အာဖရိကမှ အာဏာသိမ်းမှုများကို အာရုံစိုက်စေခဲ့ပြီး မြန်မာသည် ယင်းအုပ်စုမှ နိုင်ငံတနိုင်ငံသာ ဖြစ်သည်ဟု ဆိုသည်။

၁၉၅၈၊ ၁၉၆၂ နှင့် ၁၉၈၈ ခုနှစ် စစ်အာဏာသိမ်းမှုများ နောက်ပိုင်း ၂၀၂၁ ခုနှစ်က မြန်မာ၏ စတုတ္ထအကြိမ် စစ်အာဏာသိမ်းမှုကို ကမ္ဘာတဝှမ်းဖြစ်နေသည့် လမ်းကြောင်း၏ ဥပမာ တခုအဖြစ် ရိုးရှင်းစွာ ယူဆခြင်းသည် မြန်မာနိုင်ငံ ရင်ဆိုင်နေရသည့် အတွင်းရေး ပြဿနာများ၏ သဘောသဘာဝကို နားလည်မှု လွဲမှားစေသည်။

*စစ်အုပ်ချုပ်ရေးက အားလုံးကောင်းသွားပါပြီဟု ဖြစ်မလာပေ။ ၁၉၆၂ ခုနှစ် အာဏာသိမ်းပြီး မကြာမီ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ကျဆုံးသောအခါ နိုင်ငံတော်အခြေအနေ တစတစ ယိုယွင်းလာပြီး ၁၉၈၈ ခုနှစ် စစ်တပ်ကို ဆန့်ကျင်သည့် ပြည်သူ့တော်လှန်ရေး ဖြစ်လာခဲ့တော့သည်။*

သမိုင်းသည် လက်ရှိ အကျပ်အတည်းကို ပုံဖော်ပေးနေပြီး သရုပ်ခွဲလေ့လာရန် လိုအပ်သည်။ မြန်မာနိုင်ငံတွင် ကိုင်တွယ်ဖြေရှင်းရမည့် ထူးခြားသော ပြဿနာများ ရှိနေသည်။

လူမျိုးစုအရ ကွဲပြားသော မြန်မာနိုင်ငံကို ကြမ်းတမ်းစွာနှင့် စဉ်းစားဆင်ခြင်ခြင်းမရှိဘဲ စစ်တပ်၏ချုပ်ကိုင်မှုဖြင့် စုစည်းထားသည်။ ဗမာအများစု အစိုးရက ၎င်းတို့ကို နှိမ်သည်၊ ဖိနှိပ်သည်ဆိုသော ယုံကြည်ချက်ရှိသည့် အမျိုးမျိုးသော တိုင်းရင်းသားများ၏ ပြင်းထန်သော သဘောသဘာဝကို ဆန့်ကျင်ပြီး နိုင်ငံကို ထိန်းချုပ်ရန် ကြိုးစားသည်။

စစ်တပ်၏ လုပ်ကြံဆက်စပ်ထားသည့် အခြေခံ ဦးတည်ချက်တခုမှာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ဖြစ်သည်။ သို့သော် ၎င်းတို့၏ မကျွမ်းကျင်မှုသည် နိုင်ငံအတွက် ၎င်းတို့ချမှတ်ထားသည့် အဓိက ရည်မှန်းချက် အောင်မြင်ရေး အလားအလာကို ချည့်နဲ့သွားစေသည်။ ၎င်းတို့သည် သဘောထားပြောင်းသည့် လက္ခဏာ မရှိသေးပေ။

*လူမျိုးစုအရ ကွဲပြားသော မြန်မာနိုင်ငံကို ကြမ်းတမ်းစွာနှင့် စဉ်းစားဆင်ခြင်ခြင်းမရှိဘဲ စစ်တပ်၏ချုပ်ကိုင်မှုဖြင့် စုစည်းထားသည်။ ဗမာအများစု အစိုးရက ၎င်းတို့ကို နှိမ်သည်၊ ဖိနှိပ်သည်ဆိုသော ယုံကြည်ချက်ရှိသည့်*

*အမျိုးမျိုးသော တိုင်းရင်းသားများ၏ ပြင်းထန်သော သဘောသဘာဝကို ဆန့်ကျင်ပြီး နိုင်ငံကို ထိန်းချုပ်ရန် ကြိုးစားသည်။*

ရှေ့နောက်မညီသည်မှာ ဖက်ဒရယ် လူနည်းစု အာဏာကို အကောင်အထည်ဖော်ရေး စိတ်မပါ ဟု လေ့လာသုံးသပ်သူများက ဆိုသည့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အနိုင်ရသည့် NLD အရပ်သား အတိုက်အခံများအား လက်ရှိ စစ်အာဏာသိမ်းမှုက တွန်းအားပေးလာခြင်း ဖြစ်သည်။

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) သည် ၎င်းတို့၏ အစမ်းသဘော အတိုက်အခံ အဖွဲ့အစည်းအတွင်း တိုင်းရင်းသားကိုယ်စားပြုမှု ပိုမိုထည့်သွင်းလာရသည်။ သို့သော် ၎င်းတို့အာဏာရလျှင်ပင် ထိုကိုယ်စားပြုမှုများ မည်မျှကျန်ရစ်မည်ကို မေးခွန်းထုတ်စရာ လိုနေသေးသည်။

စစ်ကောင်စီက ၂၀၂၃ ခုနှစ်တွင် ပါတီစုံ နိုင်ငံရေးသို့ ပြန်သွားမည်ဟု ကတိပေးထားသော်လည်း မည်သည့် ရွေးကောက်ပွဲစနစ် ပေါ်လာသည်ဖြစ်စေ ထိုစနစ်ကို လက်တလုံးခြား အသုံးချမည်ဖြစ်ပြီး မည်သည့်ပါတီများကို ရွေးကောက်ပွဲ ဝင်ခွင့်ပေးသည်ဖြစ်စေ စစ်မှန်သော ဒီမိုကရေစီနိုင်ငံ ပေါ်ပေါက်လာမည် မဟုတ်ကြောင်း လေ့လာသူအများစုက ပြောသည်။

၎င်းတို့၏ ထိန်းချုပ်မှုသည် ၎င်းတို့၏ အကျိုးစီးပွားများကို ဆက်လက်ကာကွယ်မည်ဟု ယူဆသည်။ သို့သော် ၎င်းတို့က ထိုအကျိုးစီးပွားများသည် နိုင်ငံတော်၏ အကျိုးစီးပွားများဟု သတ်မှတ်သည်။ ရွေးကောက်ပွဲသက်သက်ဖြင့် ဒီမိုကရေစီကို မတည်ထောင်နိုင်ပေ။

မြန်မာနိုင်ငံ အုပ်ချုပ်ရေး ပြဿနာများ ပိုမိုကောင်းမွန်ရေး သို့မဟုတ် ဖြေရှင်းရေးသည် ပြင်ပ ဝင်ရောက်စွက်ဖက်မှုမှ လာမည်မဟုတ်ကြောင်း ပြည်ပလေ့လာသူများက သိသည်။ လူသားချင်းစာနာမှု အကူအညီများကမူ ယခုကဲ့သို့ ဆိုးရွားလှသော အခြေအနေတွင် ရောက်လာသင့်သည်။

သို့သော် ယခု စစ်အာဏာသိမ်းမှုသည် ၎င်း၏အနာဂတ်အပေါ် သက်ရောက်စေသည့် သမိုင်းဆိုင်ရာ အရင်းအမြစ်များ ရှိနေသည်။ ထိုအနာဂတ်သည် မည်သို့သော အနာဂတ်မျိုးဖြစ်စေကာမူ စစ်တပ်သည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်မည်ဖြစ်သည်။

*မြန်မာနိုင်ငံ အုပ်ချုပ်ရေး ပြဿနာများ ပိုမိုကောင်းမွန်ရေး သို့မဟုတ် ဖြေရှင်းရေးသည် ပြင်ပ ဝင်ရောက်စွက်ဖက်မှုမှ လာမည်မဟုတ်ကြောင်း ပြည်ပလေ့လာသူများက သိသည်။ လူသားချင်းစာနာမှု အကူအညီများကမူ ယခုကဲ့သို့ ဆိုးရွားလှသော အခြေအနေတွင် ရောက်လာသင့်သည်။*

စစ်တပ်အပါအဝင် မြန်မာပြည်သူများအနေဖြင့် ထိုအခန်းကဏ္ဍသည် ခေတ်သစ်နိုင်ငံတော်နှင့် သင့်လျော်သော အခန်းကဏ္ဍဖြစ်အောင် လုပ်ဆောင်ရေးသာ ဖြစ်သည်။ ခေတ်သစ် နိုင်ငံတော်တွင် ပြည်သူများနှင့် ၎င်းတို့၏ အခွင့်အရေးများသည်သာ အစိုးရနှင့်အာဏာကို တည်ဆောက်ရမည့် အခြေခံဖြစ်သည်။

**(ဧရာဝတီ အင်္ဂလိပ်ပိုင်းပါ David I. Steinberg ၏** The 60th Anniversary of the Myanmar Military's First Coup is a Sad and Singular Occasion **ကို ဘာသာပြန်ဆိုသည်။ David I. Steinberg သည် ဂျော့ဂျ်တောင်း တက္ကသိုလ် အာရှလေ့လာရေးဌာန ဂုဏ်ထူးဆောင် ပါမောက္ခ ဖြစ်သည်။ ပထမနှင့် ဒုတိယအကြိမ် အာဏာသိမ်းမှုများအတွင်း သူသည် မြန်မာနိုင်ငံတွင် နေထိုင်ခဲ့သူဖြစ်သည်။)**

https://burma.irrawaddy.com/opinion/viewpoint/2022/03/02/250237.html

-------------------------------------------------------------------------------------------

## စစ်ကောင်စီ နိုင်ငံခြားရေး ဘက်မလိုက်မူဝါဒကို ပစ်ပယ်

By ဧရာဝတီ | 2 March 2022

ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံအပေါ် ကျူးကျော်စစ် ဆင်နွှဲခြင်း ကို အာဏာသိမ်းမြန်မာစစ်တပ်က ထောက်ခံကြောင်း ပြောဆိုလိုက်ခြင်းသည် မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးကတည်းက ကျင့်သုံးလာခဲ့သော ဘက်မလိုက်မူဝါဒကို ပစ်ပယ်လိုက်ခြင်းဖြစ်သည်။

သမ္မတပူတင်၏ အမိန့်ဖြင့် ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံကို ဖေဖော်ဝါရီလ ၂၄ ရက်မှ စတင်ကာ ကြည်း၊ ရေ၊ လေ ပူးပေါင်းအင်အားဖြင့် ကျူးကျော်စစ်ဆင်နွှဲနေခြင်းဖြစ်ပြီး အဆိုပါ ကျူးကျော်စစ်ကို မြန်မာ စစ်ကောင်စီက ထောက်ခံကြောင်းကို စစ်ကောင်စီ ပြောခွင့်ရ ဗိုလ်ချုပ်ဇော်မင်းထွန်းက VOA သတင်း ဌာနသို့ ထိုနေ့မှာပင် ပြောဆိုခဲ့သည်။

*မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးကတည်းက လွတ်လပ်တက်ကြွပြီး ဘက်မလိုက်ရေး မူဝါဒကို ကျင့်သုံးခဲ့သည်။ ၁၉၅၅ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းတွင် ဘက်မလိုက် ညီလာခံကို ကျင်းပရာ မြန်မာက ရှေ့တန်းမှ ဦးဆောင်လှုံ့ဆော်သူ ဖြစ်ပြီး ၁၉၆၁ ခုနှစ် အဖွဲ့ကို ဖွဲ့စည်းရာတွင်လည်း ပါဝင်ခဲ့သည်။*

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးကတည်းက လွတ်လပ်တက်ကြွပြီး ဘက်မလိုက်ရေး မူဝါဒကို ကျင့်သုံးခဲ့သည်။ ၁၉၅၅ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းတွင် ဘက်မလိုက် ညီလာခံကို ကျင်းပရာ မြန်မာက ရှေ့တန်းမှ ဦးဆောင်လှုံ့ဆော်သူ ဖြစ်ပြီး ၁၉၆၁ ခုနှစ် အဖွဲ့ကို ဖွဲ့စည်းရာတွင်လည်း ပါဝင်ခဲ့သည်။

သို့သော် ၁၉၇၉ တွင် ထိုစဉ်က အာဏာရှင် ဗိုလ်ချုပ်ကြီးနေဝင်းက အဖွဲ့ဥက္ကဋ္ဌ ဖြစ်ရန် ကြိုးစားနေသော ကျူးဘားကို ဆန့်ကျင်သောအားဖြင့်၎င်း၊ ခမာနီများ ကမ္ဘောဒီးယားကို ကိုယ်စားပြုခြင်းအား အဖွဲ့က သဘောမတူခြင်းအား ကန့်ကွက်သောအားဖြင့်၎င်း ဘက်မလိုက်အဖွဲ့မှ ထွက်ပစ်သည်။ နောက်ပိုင်းတွင် ဦးနေဝင်း၏ နိုင်ငံခြားရေးမူဝါဒသည် အားလုံးနှင့် ကင်းအောင် နေသော အထီးကျန်ဝါဒ ဖြစ်လာသည်။

၁၉၈၈ ခုနှစ် အာဏာသိမ်း စစ်အုပ်စု လက်ထက်တွင် အထီးကျန်မူဝါဒကို ဆက်ကျင့်သုံးပြီး နိုင်ငံကို တံခါးပိတ်ခဲ့သည်။ သို့သော် စစ်တပ်က ပြုပြင်ပြောင်းလဲရေး စတင်သော ၂၀၁၀ ခုနှစ် နောက်ပိုင်း တက်လာသည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရအသီးသီးတို့ကမူ ဒေသတွင်းရော နိုင်ငံတကာနှင့်ပါ ပြန်လည်တံခါးဖွင့် ဆက်ဆံလာရာ ဘန်ဒေါင်း မူဝါဒများအပေါ် အခြေခံသည့် "လွတ်လပ်ပြီး တက်ကြွသော ဘက်မလိုက်ကြားနေရေး" မူဝါဒကို ပြန်လည်ကျင့်သုံးခဲ့ကြသည်။

နိုင်ငံရေးလေ့လာသုံးသပ်သူများက အာဏာသိမ်း စစ်ကောင်စီက ယခုလို ရုရှားကို ထောက်ခံပြောဆိုခြင်းသည် စစ်ကောင်စီ၏ နိုင်ငံခြားရေးမူဝါဒသည် မဟာဗျူဟာမြောက် စဉ်းစားတွေးခေါ်ခြင်းမရှိဘဲ လက်လွတ်စပယ် ပြောဆိုလိုက်ခြင်းသာ ဖြစ်ကြောင်း ဆိုကြသည်။

တရုတ်နိုင်ငံ အခြေစိုက် မြန်မာ့နိုင်ငံရေးလေ့လာသုံးသပ်သူ ဒေါက်တာလှကျော်ဇောက ရုရှားနှင့် ယူကရိန်း စစ်ပွဲ ဖြစ်ပွားရခြင်း၏ အခြေခံအကြောင်းတရားများကို ဂဃနဏ မသိရှိဘဲ ၎င်းတို့ ၏ လက်နက်ရောင်းချပေးခြင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် အကူအညီပေးမှုများကို မျက်နှာရလိုသည့်အတွက် ယခုလို ထုတ်ဖော်ပြောဆိုခြင်းပင် ဖြစ်ကြောင်း ဆိုသည်။

"စစ်ကောင်စီရဲ့ ပြောပုံဆိုပုံ၊ လုပ်ပဟန်ကိုင်ဟန်တွေဟာ သူတို့ မှာ နိုင်ငံခြားရေးနဲ့ ပတ်သက်ပြီး ရေရှည် သေနင်္ဂဗျူဟာ အမြင် ကြီးကြီးမားမားရှိပုံ မရဘူး " ဟု ဒေါက်တာလှကျော်ဇောက ဆိုသည်။

*အာဏာသိမ်းစစ်ကောင်စီသည် ဒေသတွင်းအဖွဲ့အစည်းဖြစ်သည့် အရှေ့တောင်အာရှနိုင်ငံများအသင်းအပါအဝင် နိုင်ငံတကာသံတမန်ရေးတွင် အပေါင်းအသင်းမဲ့နေသည်။ အာဆီယံ ထိပ်သီးအစည်းအဝေးများမှ အာဏာသိမ်း မြန်မာစစ်ခေါင်းဆောင်ကို ပ ထုတ်ထားသည်။*

အာဏာသိမ်းစစ်ကောင်စီသည် ဒေသတွင်းအဖွဲ့အစည်းဖြစ်သည့် အရှေ့တောင်အာရှနိုင်ငံများအသင်းအပါအဝင် နိုင်ငံတကာသံတမန်ရေးတွင် အပေါင်းအသင်းမဲ့နေသည်။ အာဆီယံ ထိပ်သီးအစည်းအဝေးများမှ အာဏာသိမ်း မြန်မာစစ်ခေါင်းဆောင်ကို ပ ထုတ်ထားသည်။

ကမ္ဘာ့ကုလသမဂ္ဂ (UN) တွင် စစ်ကောင်စီက ကိုယ်စားလှယ်ကို ခန့်အပ်ခွင့် မရရှိဘဲ စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ပြီး အများပြည်သူများဘက်က ရပ်တည်ခဲ့သော သံအမတ်ကြီး ဦးကျော်မိုးထွန်းကိုသာ UN က ကုလသမဂ္ဂမြန်မာနိုင်ငံဆိုင်ရာသံအမတ်အဖြစ် ဆက်လက်ခန့်အပ်ထားခဲ့သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့ အာဏာသိမ်းပြီးနောက် စစ်တပ်က ငြိမ်းချမ်းစွာ ဆန္ဒပြသူများကို အကြမ်းဖက်နှိမ်နင်းမှုများကြောင့် မတ်လ ၃ ရက်နေ့၌ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူး ကိုယ်စားလှယ်ဖြစ်သူ မစ္စ ခရစ္စတင်း ရှနနာဘာဂနာက စစ်ကောင်စီ ဒုဥက္ကဋ္ဌ၊ ဒုဗိုလ်ချုပ်မှူးကြီး စိုးဝင်းတို့ အွန်လိုင်းဖြင့် ဆွေးနွေးစဉ် ဒုဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ၎င်းတို့အနေဖြင့် အရေးယူပိတ်ဆို့မှုနှင့် အထီးကျန်ခြင်းကို ခံနိုင်ရည်ရှိကြောင်း နှင့် မိတ်ဆွေအနည်းငယ်ဖြင့်သာ ဆက်လက်လျှောက်လမ်းသွားမည် ဖြစ်ကြောင်း ဟု နိုင်ငံတကာဆက်ဆံရေးကို အလေးမထားသည့် ပုံစံဖြင့် ပြန်လည် တုံ့ပြန်ခဲ့သည်။

"သူ့မှာ မိခိုစရာ များများမရှိတော့၊ စစ်ရေးအရ ရော နိုင်ငံရေးအရရော ကူညီပေးနေတဲ့ ရုရှားကို သူ့ လုပ်ရပ်က မှန်မှန်၊ မှားမှား ဘာဖြစ်ဖြစ် ဝင်ရပ်တည်ပေးတာပေါ့။ ဒါက သူတို့စကစ ရဲ့ အကျိုးစီးပွား အပေါ် မူတည်ပြီးတော့ ဘက်လိုက်ရပ်တည်ပြလိုက်တာပါ" ဟု ရန်ကုန်အခြေစိုက် နိုင်ငံရေးလေ့လာ သုံးသပ်သူတဦးက ဧရာဝတီသို့ ပြောသည်။

၎င်းက ဆက်လက်၍ " သူ့ကို(စစ်ကောင်စီ) ထောက်ခံကူညီမယ့် နိုင်ငံတကာ အင်အား၊ လက်နက်နိုင်ငံ ဆိုလို့ ရုရှားပဲ ရှိတော့တာကို " ဟု ပြောဆိုသည်။

စစ်ကောင်စီက အရှေ့ဥရောပတွင် ဖြစ်ပွားနေသော ယူကရိန်း-ရုရှား စစ်ပွဲ နှင့်ပတ်သက်ပြီး ရုရှားကို ထောက်ခံပြောဆိုပြီး ၂ ရက်အကြာ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် နေပြည်တော်၌ ထိုစစ်ပွဲကြောင့် မြန်မာအပေါ် အကျိုးသက်ရောက်မှု ဖြစ်ပေါ်လာနိုင်မှုများကို အရေးပေါ်အစည်းအဝေး ပြုလုပ်ပြီး ဆွေးနွေးခဲ့ကြသည်။

***ရုရှားကဲ့သို့ မြန်မာနိုင်ငံကို ကျူးကျော်လာနိုင်ခြေရှိသည့် နိုင်ငံမှာ အိမ်နီးချင်း တရုတ်နိုင်ငံ ဖြစ်သည်ဟု စစ်ကောင်စီက ယူဆဆွေးနွေးခဲ့ကြောင်း ဧရာဝတီ၏ သတင်းရင်းမြစ်များက ပြောသည်။***

ထိုအစည်းအဝေးပွဲတွင် ရုရှားကဲ့သို့ မြန်မာနိုင်ငံကို ကျူးကျော်လာနိုင်ခြေရှိသည့် နိုင်ငံမှာ အိမ်နီးချင်း တရုတ်နိုင်ငံ ဖြစ်သည်ဟု စစ်ကောင်စီက ယူဆဆွေးနွေးခဲ့ကြောင်း ဧရာဝတီ၏ သတင်းရင်းမြစ်များက ပြောသည်။

ပုံမှန်အခြေအနေတွင် တရုတ်နိုင်ငံက မြန်မာကို ကျူးကျော်မည်မဟုတ်သော်လည်း ပြည်သူ့ကာကွယ် ရေးတပ် (PDF) များက တရုတ်အကျိုးစီးပွားအပေါ် တိုက်ခိုက်လာမှုများပြုလုပ်လာသည့်နောက် ယင်းတိုက်ခိုက်မှုများအား မြန်မာစစ်တပ်က မကာကွယ်နိုင်ပါက ဝင်ရောက်ကျူးကျော် လာနိုင်ခြေရှိ နေကြောင်း စစ်ကောင်စီက သုံးသပ်သည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအများဆုံး ပြုလုပ်ထားသည့် နိုင်ငံတခုဖြစ်သလို မြန်မာသည် တရုတ်နိုင်ငံအတွက် စစ်ရေး နှင့် စီးပွားရေးအတွက် ပထဝီအနေအထားအရ အရေးပါသည့် အခြေအနေကြောင့် ၎င်းတို့ သုံးသပ်သလို မဖြစ်လာနိုင်သည်ဟု ပြောဆို၍ မရကြောင်း ရန်ကုန် အခြေစိုက် နိုင်ငံရေးလေ့လာသုံးသပ်သူကလည်း ဧရာဝတီသို့ ပြောသည်။

၎င်းက " အခု မြန်မာအခြေအနေက ယူကရိန်းလို အနောက်နိုင်ငံတွေက ပါဝင်စွက်ဖက်မှုမရှိသေးတဲ့ အခြေအနေမှာတော့ တရုတ်က မြန်မာပြည်ကို ကြားထားနေမှာပဲ၊ ဒါပေမဲ့ တကယ်လို့သာ NATO အင်အားစု ဖြစ်ဖြစ်၊ QUAD သော်လည်းကောင်း အင်အားကြီးနိုင်ငံတချို့က မြန်မာပြည်နဲ့ ပတ်သက်ပြီး

ပါဝင်စွက်ဖက်လာရင် သူ့အကျိုးစီးပွားရေးထိခိုက်လာရင် တရုတ်က ရုရှားလို လုပ်လာနိုင်တယ် ” ဟု ပြောဆိုသည်။

QUAD သည် အမေရိကန်၊ ဂျပန်၊ ဩစတြေးလျား၊ အိန္ဒိယ ၄ နိုင်ငံ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ဖြစ်သည်။

***စစ်ကောင်စီ၏ ရုရှား- ယူကရိန်း ကျူးကျော်စစ်ပွဲအပေါ်တွင် ရုရှားနိုင်ငံဘက်မှ ထောက်ခံ ရပ်တည်ပြောဆိုချက်သည် နောင်တချိန် အကယ်၍ တရုတ်နိုင်ငံက မြန်မာနိုင်ငံအပေါ် သူ၏ အမျိုးသားအကျိုးစီးပွားနှင့် လုံခြုံရေးကို အကြောင်းပြပြီး ကျူးကျော်လာပါက ထောက်ခံလိုက်သလိုပင် ဖြစ်နေသည်။***

ရုရှား- ယူကရိန်း ကျူးကျော်စစ်ပွဲ အဓိက ဖြစ်ပွားရခြင်း၏ အကြောင်းချက်တချို့မှာ ယူကရိန်းသည် အနောက်အုပ်စုက ဦးဆောင်ထားသော NATO အဖွဲ့အတွင်းသို့ ဝင်ရောက်ရန် ကြိုးစားဆောင်ရွက်နေမှုများကြောင့် ရုရှား က ၎င်း၏ အကျိုးစီးပွား နှင့် အမျိုးသားလုံခြုံရေးကို အကြောင်းပြကာ ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် စစ်ကောင်စီ၏ ရုရှား- ယူကရိန်း ကျူးကျော်စစ်ပွဲအပေါ်တွင် ရုရှားနိုင်ငံဘက်မှ ထောက်ခံ ရပ်တည်ပြောဆိုချက်သည် နောင်တချိန် အကယ်၍ တရုတ်နိုင်ငံက မြန်မာနိုင်ငံအပေါ် သူ၏ အမျိုးသားအကျိုးစီးပွားနှင့် လုံခြုံရေးကို အကြောင်းပြပြီး ကျူးကျော်လာပါက ထောက်ခံလိုက်သလိုပင် ဖြစ်နေသည်။

“ တရုတ်နဲ့ အမေရိကန် ကြားက ပထဝီနိုင်ငံရေးအရ ပြိုင်ဆိုင်မှုကြားမှာ မြန်မာက တစုံတရာကြား ညှပ်နေတဲ့ အခုလိုအချိန်မှာ ပိုပြီး သတိထားသင့်တယ် ” ဟု နိုင်ငံရေးလေ့လာသုံးသပ်သူ ဒေါက်တာ လှကျော်ဇောက ပြောဆိုသည်။

https://burma.irrawaddy.com/news/2022/03/02/250249.html

-----------------------------------------------------------------------------------------------

## အာဆီယံအထူးကိုယ်စားလှယ် မြန်မာပြည်လာမည်

2022.03.02




၁၄ ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ပြီးခဲ့တဲ့ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့မှာ ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီး Prak Sokhon တက်ရောက်ခဲ့စဉ် မြင်ကွင်း Photo-AFP

အရှေ့တောင်အာရှနိုင်ငံများအသင်း အာဆီယံရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖြစ်သူ ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီး Prak Sokhon ဟာ မြန်မာနိုင်ငံကို လေးရက်ကြာလာရောက်ဖို့ ရှိပါတယ်။

အခုလ ၂၀ရက်နေ့ကနေ ၂၃ရက်နေ့အထိ လာရောက်လည်ပတ်ဖို့ စီစဉ်ထားတဲ့အကြောင်း VNA ဗီယက်နမ်သတင်းမှာ ဗုဒ္ဓဟူးနေ့က ဖော်ပြထားပါတယ်။

မတ်လဒုတိယအပတ်ထဲမှာ မြန်မာပြည်ကိုသွားပြီး သက်ဆိုင်ရာအဖွဲ့တွေနဲ့တွေ့ဆုံတာ၊ လူသားချင်း စာနာမှုဆိုင်ရာ အကူညီပေးဖို့ကိစ္စတွေ တိုးမြှင့်လုပ်ဆောင်သွားမယ်လို့ ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးက ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁ ရက်ကပြောထားပါတယ်။

သွားမယ့်ရက်အတိအကျကတော့ မနေ့ကမှ ထွက်ပေါ်လာတာပါ။ သူ့ရဲ့မြန်မာပြည်ခရီးစဉ်ဟာ အာဆီယံနိုင်ငံတွေအကြား ဘုံသဘောတူညီချက်ချထားတဲ့ အချက်ငါးချက်ကိုအကောင်အထည်ဖော်ရေးပဲဖြစ်ပါတယ်။

အာဆီယံရဲ့အထူးကိုယ်စားလှယ် မြန်မာပြည်သွားတဲ့အခါ စစ်ကောင်စီတဖက်တည်း တင်မကဘဲ အမျိုးသားညီညွတ်ရေးအစိုးရ NUGရဲ့ ကိုယ်စားလှယ်တွေနဲ့ပါ တွေ့ဆုံဖို့ အာဆီယံနိုင်ငံတချို့က တိုက်တွန်းထားပါတယ်။

မြန်မာစစ်ကောင်စီကတော့ အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ထားသူတွေနဲ့တွေ့ဆုံတာဟာ အာဆီယံရဲ့မူနဲ့ဆန့်ကျင်တယ်ဆိုပြီး ပြီးခဲ့တဲ့လကတည်းက ကန့်ကွက်ထားပါတယ်။

စစ်ကောင်စီကိုလည်း အကြမ်းဖက်အဖွဲ့အဖြစ် အမျိုးသားညီညွတ်ရေးအစိုးရ NUG က အပြန်အလှန် သတ်မှတ်ထားပါတယ်။

သက်ဆိုင်သူအားလုံးနဲ့တွေ့ဆုံရေးဟာ အာဆီယံရဲ့ ဘုံသဘောတူညီချက် ငါးခုထဲမှာ ပါဝင်တာမို့ NUGအစိုးရ ကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံရလိမ့်မယ်လို့ NUG နိုင်ငံခြားရေးဝန်ကြီး ဒေါ်ဇင်မာအောင်က RFA ကိုပြောထားပါတယ်။

ကမ္ဘောဒီးယားမတိုင်ခင် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌအဖြစ် ဘရူးနိုင်း နိုင်ငံတာဝန်ယူခဲ့တုန်းကလည်း ဘရူးနိုင်းက အာဆီယံအထူးကိုယ်စားလှယ် Erywon Yusof မြန်မာပြည် သွားဖို့လုပ်တဲ့အခါ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအရ သက်ဆိုင်သူအားလုံးနဲ့ စစ်ကောင်စီက တွေ့ခွင့်မပေးလို့ ခရီးစဉ်ပျက်ခဲ့ရပါတယ်။

အခုကမ္ဘောဒီးယားရဲ့ အာဆီယံအထူးကိုယ်စားလှယ် သွားတဲ့အခါမှာ စစ်ကောင်စီတင်မက နိုင်ငံရေးအရ သက်ဆိုင်သူ အားလုံးနဲ့တွေ့ခွင့်ရ၊ မရကိုတော့ မသိရသေးပါဘူး။

https://www.rfa.org/burmese/news/asean-prak-sokhon-foreign-minister-cambodia-03022022124825.html

-----------------------------------------------------------------------------------------------

## အားလုံးပါဝင်တဲ့နိုင်ငံရေးဆွေးနွေးပွဲဖြစ်ဖို့ မြန်မာအပစ်ရပ်အဖွဲ့တွေလိုလား

02 မတ်၊ 2022

စစ်ကောင်စီက အပစ်ရပ်ကာလကို ဒီနှစ်ကုန်အထိ တိုးမြှင့်လိုက်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ သက်ဆိုင်သူအားလုံးကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို တိုးမြှင့် အကောင်အထည်ဖော်ဖို့ မေတ္တာရပ်ခံထားတယ်။ ဒီအပေါ်မှာ NCA အပစ်ရပ် ၁၀ ဖွဲ့နဲ့ လက်ရှိ စစ်ကောင်စီနဲ့တိုက်ပွဲတွေဖြစ်ပွားနေတဲ့ အဖွဲ့တွေကတော့ အားလုံးပါဝင်တဲ့ နိုင်ငံရေးဆွေးနွေးပွဲကျင်းပဖို့ လိုအပ်ကြောင်း တုံ့ပြန်ထားပါတယ်။ ရန်ကုန်ကနေ သတင်းပေးပို့ထားတာဖြစ်ပါတယ်။

အပစ်ရပ်ကာလ တိုးမြှင့်လိုက်တာနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်ဖို့ မေတ္တာရပ်ခံချက်ကို စစ်ကောင်စီရဲ့ ကာကွယ်ရေးဦးစီးချုပ်ရုံးက ဖေဖော်ဝါရီလ ၂၈ ရက်နေ့စွဲနဲ့ ထုတ်ပြန်တာဖြစ်ပါတယ်။

ဒီကြေညာချက်မှာ ထာဝရငြိမ်းချမ်းရေးရရှိဖို့ နဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို တိုးမြှင့်အကောင်အထည်ဖော်ဖို့ ကိုဗစ်ကပ်ရောဂါကို ထိထိရောက်ရောက် တိုက်ဖျက်နိုင်ဖို့ အတွက် နိုင်ငံတော်ကာကွယ်ရေး၊ အုပ်ချုပ်ရေးစတဲ့ကိစ္စရပ်တွေကို ထိပါးနှောင့်ယှက်တာမှအပ တပ်မတော်ရဲ့ စစ်ရေးလှုပ်ရှားမှုတွေကို ဒီနှစ်ကုန်အထိ ရပ်ဆိုင်းကြောင်း ဖော်ပြထားပါတယ်။

တဆက်တည်းမှာပဲ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို လက်တွေ့ကျကျ တိုးမြှင့်အကောင် အထည်ဖော်ဖို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ သက်ဆိုင်သူအားလုံးကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ပါဝင်ဆောင်ရွက်ဖို့လည်း မေတ္တာရပ်ခံထားတာပါ။

သက်ဆိုင်သူများအားလုံးဆိုတာနဲ့ပတ်သက်လို့ စစ်ကောင်စီပြောခွင့်ရ ဗိုလ်ချုပ်ဇော်မင်းထွန်းက အခုလို ပြောပါတယ်။

"သက်ဆိုင်ရာအဖွဲ့အစည်းဆိုတာက ဒါ ငြိမ်းချမ်းရေးမှာ လုပ်ဆောင်နေတဲ့ ငြိမ်းချမ်းရေး အကျိုးဆောင်အဖွဲ့တွေရှိတယ်။ နိုင်ငံတကာကနေပြီး ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းတွေ ရှိတယ်။ ပြီးရင် ကျနော်တို့ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး ကူညီဆောင်ရွက်ပေးနေတဲ့ နိုင်ငံတွေ ရှိတယ်။ ဒီအဖွဲ့ အစည်းတွေကို ဆိုလိုတာဖြစ်ပါတယ်။"

ဒီလို ထုတ်ပြန်ရတာဟာ တနိုင်ငံလုံးအပစ်အခတ်ရပ်စဲဖို့နဲ့ ကန့်သတ်ချက်မထားဘဲ ဆွေးနွေးဖို့ တိုက်တွန်းတာတွေ ရှိခဲ့တာကြောင့် ထုတ်ပြန်တာဖြစ်တယ်လို့ ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောပါတယ်။

ဒီကြေညာချက်အပေါ် NCA အပစ်ရပ်စာချုပ်ကို လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်း သားလက်နက်ကိုင် ၁၀ ဖွဲ့ရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ PPST ရဲ့ ပြောရေးဆိုခွင့်ရှိသူ ရဲဘော်မျိုးဝင်းက PPST ရဲ့ သဘောထားကို အခုလို ပြောပါတယ်။

"အနှစ်သာရရှိတဲ့ အပစ်အခတ်ရပ်စဲရေးဖြစ်ဖို့တော့ လိုတာပေ့ါနော။ အဓိကကတော့ နိုင်ငံရေးပြဿနာ ဖြစ်တာကိုနော။ နိုင်ငံရေးပြဿနာကို မဖြေရှင်းနိုင်ဘဲနဲ့ စစ်ရေးပဋိပက္ခကို ဖြေရှင်းဖို့ဆိုတာ ခက်မယ်လေ။ အဲတော့ အပစ်အခတ် ရပ်စဲရေး တပြိုင်တည်း ကြေညာရင်း နိုင်ငံရေးပြဿနာ ဖြေရှင်းနိုင်ဖို့အတွက် ကြိုးပမ်းဖို့လိုတာ။ နိုင်ငံရေးပြဿနာကို ဖြေရှင်းတဲ့အခါကျရင်လည်း ကျနော်တို့ PPST မှုက အားလုံးပါဝင်တဲ့၊ ပါဝင်သင့် ပါဝင်ထိုက်သူအားလုံး ပါဝင်တဲ့ နိုင်ငံရေးပြဿနာဖြေရှင်းမှုမျိုးဖြစ်ဖို့ လိုတာကိုး။ နိုင်ငံရေးပြဿနာဖြေရှင်းမှုမှာ အားလုံးပါဝင်ရေးကို လက်မခံတော့ တချို့နေရာတွေမှာ စစ်ရေးပဋိပက္ခတွေက ပိုမြင့်တယ်ဆိုရင် ဘယ်လိုမှ ဖော်ဆောင်နိုင်မှာမဟုတ်ဘူးလေ။ ဒီ တတိုင်းပြည်လုံး အပစ်အခတ် ရပ်စဲရေးဆိုတာ။"

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ PPST က ပြီးခဲ့တဲ့နှစ် စစ်တပ်က အာဏာသိမ်းပြီးနောက်မှာ နိုင်ငံရေးဆွေးနွေးပွဲတွေကို ရပ်ဆိုင်းထားကြောင်း ထုတ်ပြန်ထားတာပါ။

ဒီလို ရပ်တန့်တာဟာ NCA ကို အခြေခံတဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေကို ရပ်ဆိုင်းတာဖြစ်ပြီး ၂၀၂၀ ရွေးကောက်ပွဲအလွန် နိုင်ငံရေးပြဿနာကိုတော့ ဆွေးနွေးဖြေရှင်းရမှာဖြစ်သလို ဒီလို မဖြေရှင်းနိုင်ရင် ငြိမ်းချမ်းရေး ရမှာမဟုတ်ကြောင်း အခုလို ဆက်ပြောပါတယ်။

"ကျနော်တို့ ရပ်တယ်ဆိုတာက NCA စာချုပ်ပါအတိုင်း၊ နိုင်ငံရေးမူဘောင်အတိုင်း နိုင်ငံရေးဆွေးနွေးပွဲကို ရပ်တာ။ ဒါပေမယ့် စစ်အာဏာသိမ်းပြီးတဲ့နောက်ပိုင်းမှာ ဖြစ်ပေါ်လာတဲ့ ၂၀၂၀ ရွေးကောက်ပွဲပေါ်မှာ အခြေခံပြီး ဖြစ်ပေါ်လာတဲ့ နိုင်ငံရေး အငြင်းပွားမှုကိုဖြင့် နိုင်ငံရေးနည်းအရ တွေ့ဆုံဆွေးနွေးအဖြေရှာဖို့ လိုတယ်။ အဲလို ဆွေးနွေးတဲ့အခါကျရင်တော့ ပါဝင်သင့်ပါဝင်ထိုက်သူအားလုံး ပါဝင်ပြီး ဆွေးနွေးရမယ်။ ဟိုအဖွဲ့ မပါရဘူး။ ဒီအဖွဲ့ မပါရဘူးဆို ချန်ထားလို့ မရဘူး။ အဲလို ချန်ထားမယ်ဆိုရင် နိုင်ငံရေးပြဿနာလည်း ဖြေရှင်းနိုင်မှာမဟုတ်ဘူး။ တတိုင်းပြည်လုံး အပစ်အခတ်ရပ်စဲရေးမှတဆင့် ငြိမ်းချမ်းရေးလည်း ဖော်ဆောင်နိုင်မှာ မဟုတ်ဘူး။ "

ကရင်အမျိုးသားအစည်းအရုံး KNU ရဲ့ နိုင်ငံခြားရေးတာဝန်ခံ ပဒိုစောတောနီးကတော စစ်တပ်က အပစ်အခတ်ရပ်စဲရေးကို အကြိမ်ကြိမ်ကြေညာခဲ့ပေမယ့် လက်တွေ့ မြေပြင်မှာ တိုက်ပွဲတွေ ဆက်လက် ဖြစ်ပွားနေတာ၊ NCA စာချုပ်ကို လက်မှတ်ရေးထိုးပြီး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းအရ ဖြေရှင်းဖို့ ကြိုးစားနေချိန်မှာ အာဏာသိမ်းမှု ဖြစ်ပေါ်လာတာကြောင့် တွေ့ဆုံဆွေးနွေးဖို့ ခက်ခဲကြောင်း ထောက်ပြပါတယ်။

နိုင်ငံရေးဆွေးနွေးမယ်ဆိုရင် စစ်တပ်အနေနဲ့ နိုင်ငံရေးက စွန့်ခွာဖို့လိုကြောင်း ပဒိုစောတောနီးက အခုလို ဆက်ပြောပါတယ်။

"စစ်တပ်နဲ့ ကျနော်တို့ ကိုယ်တိုင် ဖြတ်ကျော်လာတဲ့ ခါးသီးတဲ့အတွေ့အကြုံတွေအရ ဒီတခါမှာ တွေ့ဆုံဆွေးနွေးပွဲတို့ နိုင်ငံရေးဆွေးနွေးပွဲတို့ ငြိမ်းချမ်းရေးဆိုတဲ့ကိစ္စပြောလာတဲ့အခါကျတော့ စစ်တပ်က ဒီပုံစံတော့ လုံးဝ ပြောလို့ မရဘူး။ အနည်းဆုံးတော့ ပြည်သူလူထုတောင်းဆိုချက်ဖြစ်တဲ့ စစ်တပ်က နိုင်ငံရေးကနေ လုံးဝ စွန့်ခွာရမယ်ဆိုတာ ကတိခံဝန်ချက် ယူရမယ်။ ဒါကလည်း တကယ်ကို ပါးစပ်နဲ့ ပြောယုံနဲ့ မရဘူး။ အချိန်ဇယား သေချာဆွဲပြီးမှ လုပ်ရမယ်ကိစ္စဖြစ်တယ်။"

အခြားအချက်တွေအနေနဲ့ကတော့ ဖက်ဒရယ် ဒီမိုကရေစီစနစ်ဖော်ဆောင်ရေးကို လက်တွေ့ အကောင်အထည်ဖော်ဖို့၊ ဆွေးနွေးပွဲမှာ သက်ဆိုင်သူအားလုံးပါဝင်ဖို့ ၊ နိုင်ငံတကာက စောင့်ကြည့်လေ့လာဖို့နဲ့ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု Transitional Justice စတာတွေ ပါဝင်ကြောင်း ပြောပါတယ်။

ကချင်လွတ်လပ်ရေးအဖွဲ့ KIO ရဲ့ ပြန်ကြားရေးတာဝန်ခံ ဗိုလ်မှူးကြီးနော်ဘူကလည်း အပစ်ရပ်ကြေညာချက်ဟာ ထူးခြားမှုရှိမယ်လို့ မမြင်ကြောင်း ပြောဆိုပါတယ်။

ဆက်လက်ပြီး အပစ်အခတ်ရပ်စဲရေး၊ နိုင်ငံရေးဆွေးနွေးမယ်ဆိုရင် အားလုံးပါဝင်ဖို့ လိုမှာဖြစ်ကြောင်း သူ့အမြင်ကို အခုလို ပြောပါတယ်။

"ကျနော်တို့ မြန်မာနိုင်ငံရဲ့ တကယ့် အပစ်အခတ်ရပ်စဲရေးလုပ်မယ်၊ နိုင်ငံရေးဆွေးနွေးပွဲ လုပ်မယ်ဆိုရင်တော့ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ဟာတွေ အားလုံးနဲ့ ဆွေးနွေးရမယ် ထင်ပါတယ်။ EAO အဖွဲ့နဲ့ ဆွေးနွေးပြီးမှ NUG နဲ့ မဆွေးနွေးတာမျိုးတွေ၊ ဒီအဖွဲ့နဲ့တော့ မဆွေးနွေးဘူး၊ ဟိုအဖွဲ့နဲ့တော့ ဆွေးနွေးမယ် ဆိုတဲ့ သဘောမျိုးတွေ သူတို့က အမြဲတမ်းလုပ်နေတာ။ ဒါမျိုးတွေ ဆိုရင်တော့ မြန်မာနိုင် ငံရဲ့ ငြိမ်းချမ်းရေး နိုင်ငံရေး ပဋိပက္ခတွေကတော့ ပြေလည်နိုင်မှာ မဟုတ်ဘူးလို့ ကျနော်တို့ သုံးသပ်ပါတယ်။"

စစ်ကောင်စီဘက်ကတော့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့ကစတင်ပြီး ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ထုတ်ပြန် ချက် အကြိမ် ၂၀ လုပ်ထားကြောင်း ဖော်ပြထားပါတယ်။

ပြီးခဲ့တဲ့ စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားမှာလည်း ထာဝရငြိမ်းချမ်းရေးအတွက် NCA လက်မှတ်ထိုးတဲ့အဖွဲ့တွေရော၊ မထိုးတဲ့အဖွဲ့တွေကိုပါ ကြိုတင်ကန့်သတ် ချက်မပါတဲ့ ဆွေးနွေးပွဲကို သက်ဆိုင်သူတွေ အားလုံးတက်ရောက်ဖို့ မေတ္တာရပ်ခံ တိုက်တွန်းတာတွေ ရှိခဲ့ပါတယ်။

သက်ဆိုင်သူများအားလုံးဆိုတာနဲ့ပတ်သက်လို့ စစ်ကောင်စီပြောခွင့်ရ ဗိုလ်ချုပ်ဇော်မင်းထွန်းက အခုလို ပြောပါတယ်။

"သက်ဆိုင်ရာအဖွဲ့အစည်းဆိုတာက ဒါ ငြိမ်းချမ်းရေးမှာ လုပ်ဆောင်နေတဲ့ ငြိမ်းချမ်းရေး အကျိုးဆောင်အဖွဲ့တွေရှိတယ်။ နိုင်ငံတကာကနေပြီး ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းတွေ ရှိတယ်။ ပြီးရင် ကျနော်တို့ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး ကူညီဆောင်ရွက်ပေးနေတဲ့ နိုင်ငံတွေ ရှိတယ်။ ဒီအဖွဲ့ အစည်းတွေကို ဆိုလိုတာဖြစ်ပါတယ်။"

ဒီလို ထုတ်ပြန်ရတာဟာ တနိုင်ငံလုံးအပစ်အခတ်ရပ်စဲဖို့နဲ့ ကန့်သတ်ချက်မထားဘဲ ဆွေးနွေးဖို့ တိုက်တွန်းတာတွေရှိခဲ့တာကြောင့် ထုတ်ပြန်တာဖြစ်တယ်လို့ ဗိုလ် ချုပ်ဇော်မင်းထွန်းက ပြောပါတယ်။

https://burmese.voanews.com/a/myanmarpeacetalks-myanmarpolitics-ppstmyanmar-voaburmese-အားလုံးပါတဲ့ိုင္ငံေရးေဆြးေြးပြဲ-အပစ္ရပ္ဖြစ္ေတြ/6466693.html

-------------------------------------------------------------------------------------------

## စစ်ကောင်စီအင်အားကို ခွဲဖို့ စစ်မျက်နှာများများ ဖွင့်နိုင်အောင် လုပ်ရပါမယ်

ဧရာဝတီ| 2 March 2022

ကရင်နီ ဒေသကို စစ်ကောင်စီက တရစပ် ထိုးစစ်ဆင်နေချိန်တွင် ချင်းပြည်နယ်၌ ယခုရက်ပိုင်းအတွင်း တိုက်ပွဲ အနည်းငယ် ငြိမ်သက်လျက်ရှိသည်။ သို့သော်လည်း စစ်ကောင်စီအနေဖြင့် ချင်းပြည်နယ်ကို မကြာမီအချိန်အတွင်း ထိုးစစ်ဆင်လာနိုင်ဖွယ်ရှိသည့် သတင်းများ ထွက်ပေါ်လျက်ရှိရာ ချင်းပြည်နယ်တွင် စစ်ကောင်စီတပ်များ၏ လှုပ်ရှားမှု အခြေအနေ၊ တိုက်ပွဲများ အခြေအနေနှင့် ချင်းပြည်နယ်ကို ပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့များက မည်မျှအထိ ထိန်းချုပ် ထားနိုင်သည့် အခြေအနေရှိနေသည်ကို သိရှိနိုင်ရန်အတွက် ချင်းအမျိုးသား တပ်ဦး/ ချင်းအမျိုးသား တပ်မတော် (CNF/ CNA) ပြောရေးဆိုခွင့်ရှိသူ ဆလိုင်းထက်နီကို ဧရာဝတီက ဆက်သွယ် မေးမြန်းထားသည်။

**မေး။** ။ ချင်းပြည်နယ်မှာ လက်ရှိ တိုက်ပွဲတွေ အခြေအနေ ဘယ်လိုရှိပါသလဲ။

**ဖြေ။** ။ ချင်းတောင် အဓိက ၉ မြို့နယ်ကတော့ ဒီလို တိုက်ပွဲငယ်လေးတွေတော့ ရှိတယ်။ တိုက်ပွဲ အကြီးအကျယ်တော့ မရှိဘူး ခင်ဗျ။ အဓိကကတော့ နယ်မြေ စိုးမိုးရေး ဆိုပြီးတော့ တောထဲ နယ်ထဲကို ဆင်းဖို့ သူတို့က ပြင်ဆင်နေတာတော့ သတင်း ကြားပါတယ်။ အဓိကတော့ မတူပီ ပြီးတော့ တခြား မြို့နယ် တချို့မှာပေ့ါနော်။ အဲဒါတွေတော့ ရှိတယ်။ အဲဒီလိုမျိုး တိုက်ပွဲ အကြီးအကျယ်တော့ မရှိပါဘူး။ သူတို့မှာ နယ်မြေ ရှင်းလင်းရေး၊ နယ်မြေစိုးမိုးရေး ဆိုပြီးတော့ အဲဒီ ခေါင်းစဉ် အောက်ကနေ စစ်ရေးထိုးဖို့ ပြင်ဆင်နေတယ်လို့တော့ ကျနော်တို့ ကြားပါတယ်။



CAN/CNF အစည်းအဝေးတခု (ဓာတ်ပုံ – CNF)

**မေး။** ။ ချင်းပြည်နယ်ရဲ့ လတ်တလော အုပ်ချုပ်မှုအပိုင်းကရော ဘယ်လို ရှိပါသလဲ။ ချင်းတော်လှန်ရေး တပ်တွေက ဘယ်လောက်အထိ ထိန်းချုပ်ထားနိုင်တယ်လို့ ပြောလို့ရပါသလဲ။

**ဖြေ။** ။ အခု အနေအထားအရ ဆိုရင်တော့ ၇၅ ရာခိုင်နှုန်းလောက် ကျနော်တို့ ထိန်းချုပ်ထား နိုင်တယ်လို့ ပြောလို့ရပါ တယ်။ ဒါပေမယ့် မတ်လဆိုရင် ပွင့်လင်းရာသီ ရောက်ပြီဆိုတော့ သူတို့ဘက်က (စစ်ကောင်စီ) စစ်ဆင်ရေးတွေ ပိုပြီး ထိုးလာမယ်တော့ ကျနော်တို့ သုံးသပ်တယ်။

အဓိကက ချင်းပြည်နယ် ၉ မြို့နယ်ရဲ့ မြို့ပေါ်တွေမှာတော့ သူတို့က(စစ်ကောင်စီ) အုပ်ချုပ်ရေးက တည်ဆောက်နိုင် တယ် ပြောရမယ်။ ဒီလို တည်ဆောက်တယ် ဆိုတာက CDM လုပ်တဲ့ စစ်တပ်ရော၊ ရဲရော၊ ဝန်ထမ်းတွေရော ကိုတော့ ဆက်ပြီး မထိန်းချုပ်နိုင်ဘူး။ မြို့ပေါ်မှာတော့ သူတို့က ခြေကုပ်ယူတာ ၉ မြို့လုံးတော့ သူတို့ ခြေကုပ်ယူပါတယ်။ တော ထဲ နယ်ထဲတော့ ရာနှုန်းပြည့်နီးပါး သူတို့ (စစ်ကောင်စီ) ထိန်းချုပ်မှု မရှိဘူး။ မြို့ပေါ်ရယ်၊ တမြို့နယ်နဲ့ တမြို့နယ် ဆက် သွယ်တဲ့ လမ်းမကြီးရယ်၊ အဲဒီ တလျှောက်ကတော့ သူတို့ လှုပ်ရှားနေတာတော့ ရှိပါတယ်။ တခြား တောထဲ နယ်ထဲမှာ တော့ ဘာမှ လှုပ်ရှားမှုတော့ မရှိဘူးပေ့ါနော်။



CAN/CNF အစည်းအဝေးတခု (ဓာတ်ပုံ – CNF)

မြို့ပေါ်မှာ စစ်ရေးအရ လှုပ်ရှားမှုတော့ လည်ပတ်နေတယ် ပြောလို့ရပါတယ်။ သို့သော် ဌာနဆိုင်ရာ လုပ်ငန်းတွေက တော့ လုံး၀ မလည်ပတ်ဘူးလို့ ပြောလို့ရပါတယ်။ ၁၀၀ မှာ ၃၀ ရာခိုင်နှုန်းလောက်ပဲ လည်ပတ်တယ်လို့ ပြောရမှာပေ့ါ။ ဝန်ထမ်းတွေ ဆိုတာကလည်း ၁၀ နာရီကနေ ၁၂ နာရီထိ ရုံးတက်လိုက်၊ ပြန်လာလိုက်နဲ့ ရုံးတက်တဲ့ ဝန်ထမ်းတွေက မစုံတော့ဘူး ဆိုတော့ ဝန်ထမ်းတွေကို အမိန့်ပေးဖို့၊ သူတို့ရဲ့ ထိန်းချုပ်မှု ဆိုတာလည်း ဘာမှ မလုပ်နိုင်ဘူး။ စစ်တပ်ရဲ့ လုံခြုံရေး အဆင့်လောက်ပဲ မြို့ပေါ်မှာ သူတို့ ထိန်းချုပ်နေတာ တွေ့ရတယ်။

**မေး။ ။** လက်ရှိ အခြေအနေအရ ချင်းတောင် တိုက်ပွဲတွေမှာ ချင်းတော်လှန်ရေး တပ်တွေရဲ့ အခက်အခဲက ဘာတွေရှိ လဲ။

**ဖြေ။ ။** အဓိကက ရှင်းရှင်းပြောရရင်တော့ လက်နက်ခဲယမ်း အခက်အခဲ ရှိတာပေါ့နော်။ သူတို့နဲ့ ယှဉ်ရင် လက်နက်ခဲ ယမ်းမှာတော့ အင်မတန်မှ အားနည်းတယ် ပြောလို့ရတယ်။ အဲဒီမှာတော့ ကျနော်တို့ အခက်အခဲ ရှိတယ်။ နောက် တခုကတော့ ပြောက်ကျားတပ်ဖွဲ့ ၊ ဒေသခံ တပ်ဖွဲ့တွေလည်း အနည်းနဲ့ အများတော့ ဒီတိုက်ပွဲ အမိန့်ပေးမှု စနစ် အောက်မှာ နည်းနည်းတော့ အားနည်းချက်တော့ ရှိတာပေါ့။ အဲဒါက လွဲလို့ ကျန်တာကတော့ အိုကေပါတယ်။ ရှိသမျှ လက်နက်တွေရော တူးမီးတွေရော စနစ်တကျ သုံးတတ်အောင် လုပ်ပြီးတော့ အတတ်နိုင်ဆုံး အဲဒီလိုနဲ့
တိုက်ပွဲ ဝင်နေတာပါ။



CAN/CNF အစည်းအဝေးတခု (ဓာတ်ပုံ – CNF)

**မေး။ ။** ချင်းပြည်နယ်မှာ ပြီးခဲ့တဲ့ ချင်းအမျိုးသားနေ့ကို စစ်ကောင်စီက ပြုလုပ်တဲ့ အပေါ်မှာရော ချင်းလူထုတွေရဲ့ သဘောထားက ဘယ်လိုရှိပါသလဲ။

**ဖြေ။ ။** ကျနော်တို့ CNF အနေနဲ့ ဒီ ၇၂ နှစ်မြောက် ချင်းအမျိုးသားနေ့ကို ဦးတည်ချက် ၃ ရပ်နဲ့ ဆင်နွှဲ ကျင်းပကြဖို့ ချင်း ပြည်သူတွေကို တပ်လှန့်ထားတာ။ အဲဒါကတော့ ပထမဦးဆုံး စစ်အာဏာရှင် ဖြုတ်ချရေး၊ ချင်းအမျိုးသား တည် ဆောက်ရေး၊ ဖက်ဒရယ် ဒီမိုကရေစီ တည်ဆောက်ရေးနဲ့ ချင်းအမျိုးသားနေ့ကို ကျင်းပကြဖို့ ပြည်တွင်းရော၊ ပြည်ပ ရော ချင်းလူမျိုးတွေ ရောက်ရှိရာ နေရာတိုင်းကို တပ်လှန့်ထားတာ ဖြစ်တယ်။ အဓိက ကတော့ ချင်းပြည်နယ် မြို့ပေါ် တွေမှာ ချင်းအမျိုးသားနေ့ ကျင်းပဖို့ စစ်ကောင်စီက ပြင်ဆင်နေတာတွေ ရှိပါတယ်။ ဒါပေမယ့် အဲဒါတွေက ဘယ်သူမှ စိတ်ဝင်စားတာ မဟုတ်ဘူး။

ဒီနေ့ ဒီအချိန်မှာ စစ်ကောင်စီက လုပ်တဲ့ ချင်းအမျိုးအသားနေ့ဆိုတာ အတွေ့အကြုံအရဆိုရင် သူတို့က အရင်က ချင်း အမျိုးသားနေ့အစား ချင်းပြည်နယ်နေ့ဆိုပြီး အစားထိုး ကျင်းပခဲ့တယ်။ နောက် ကျနော်တို့ CNF အနေနဲ့ ဦးသိန်းစိန် အစိုးရ လက်ထက်မှာ NCA လမ်းကြောင်းကနေ လိုက်လျှောက်ပြီးတော့ ချင်းအမျိုးသားနေ့ဆိုတဲ့ ခေါင်းစဉ်နဲ့ ပြန်ကျင်း ပ ခွင့်ရတယ်။ ဒါပေမယ့် စစ်ကောင်စီ အာဏာသိမ်းလာတော့ အဲဒါတွေ ချင်းအမျိုးသားနေ့ဆိုပြီး သူတို့ (စစ်ကောင်စီ) ကျင်းပတာဟာ NCA လမ်းကြောင်းလည်း ပျက်ပြယ်သွားတယ်။ ၂၀၀၈ ဖွဲ့စည်းပုံလည်း ဘာမှ အသက်မဝင်တော့ဘူး ဆိုတော့ စစ်ကောင်စီက ကျင်းပတဲ့ ချင်းအမျိုးသားနေ့ဆိုတာ ဟန်ပြ။ ပြည်သူလူထုကို သူတို့ဘက် ပါအောင်လို့ ကျနော် တို့ ရှိနေပါတယ်၊ အမျိုးသာနေ့ကို အသိအမှတ် ပြုပါတယ်ဆိုတဲ့ ပုံစံနဲ့ လုပ်နေတဲ့ ချင်းအမျိုးသားနေ့က နိုင်ငံ ရေးအရ သော်လည်းကောင်း၊ အမျိုးသားရေး အရသော်လည်းကောင်း လုံးဝ အနှစ်သာရ ကင်းမဲ့တဲ့ အမျိုးသားနေ့ ကျင်းပတာ ဖြစ်မှာပါ။ အဲဒါကြောင့် ပြည်သူက သော်လည်းကောင်း ဘယ်သူမှ စိတ်မဝင်စားပါဘူး။

စစ်ကောင်စီ အာဏာသိမ်းပြီး NUG နဲ့ သဘောတူ လက်မှတ် ရေးထိုးထားတယ်။ ပြီးတော့ ဒီက ဒေသခံ ကာကွယ်ရေး တပ်တွေရော၊ CDM တွေရော ပြည်တွင်း ပြည်ပက ချင်းအမျိုးသား တရပ်လုံးနဲ့ရော တသွေးတည်း တသားတည်း ကျနော်တို့ စစ်အာဏာရှင်ကို ဖြုတ်ချဖို့ ရပ်တည်နေတဲ့ အချိန်နဲ့ အမျိုးသားနိုင်ငံရေး ရေချိန်၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး ရေချိန်ကို အမြင့်ဆုံး ခင်းပြီးတော့ လှုပ်ရှားနေတဲ့ အချိန် ဖြစ်တယ်လို့ ပြောလိုပါတယ်။

**မေး။ ။** အပေါ်မှာ ပြောခဲ့သလို ပွင့်လင်းရာသီ ရောက်လာပြီဆိုရင် စစ်ကောင်စီဘက်က ထိုးစစ် ဆင်လာတာမျိုးတွေ ဖြစ်လာနိုင်တော့ စစ်ရေးအရ ဘယ်လို ပြင်ဆင်ထားပြီး တုံ့ပြန်မလဲ။

**ဖြေ။ ။** ၇၅ ရာခိုင်နှုန်း ထိန်းချုပ်လို့ ရတယ်ဆိုတာ ခု ကျေးလက်ဒေသတွေ အားလုံး နီးနီးမှာ ဒီပလက်ဝ မြို့နယ်က လွဲ ရင် ကျနော်တို့ စာသင်ကျောင်းလေးတွေ၊ လူမှုရေး လုပ်ငန်းတွေ၊ ဆေးခန်းတွေ ကျနော်တို့

ကိုယ့်ဘာသာ လုပ်နေ တယ်။ ဒါပေမယ့် ရေရှည်မှာ အဲဒါတွေက ပြည်သူ လူထု လုံခြုံရေး၊ ဒေသလုံခြုံရေးအတွက် အဲဒါတွေရှိမှပဲ ဆက်လက် ပြီးတော့ လုပ်ဆောင်နိုင်မယ့် အနေအထား ဖြစ်နေပါတယ်။ စစ်ရေးအရ ပြည်သူ့ လုံခြုံရေးကိုတော့ အတတ်နိုင်ဆုံး ဘယ်လောက်ထိ ယူနိုင်မလဲ ဆိုတဲ့အပေါ်မှာ မူတည်ပါတယ်။

ယခင်ကထက် ဒီနှစ်ကတော့ ကျနော်တို့အတွက် တကယ့် စိန်ခေါ်ပွဲ။ အမျိုးသားရေး၊ အမျိုးသား နိုင်ငံရေးအတွက် တကယ့် စိန်ခေါ်ပွဲကြီး ဒီနှစ်ကတော့ ဖြစ်မှာပါ။ ကျနော်တို့က အဲဒီလိုပဲ သုံးသပ်ထားပြီးသား။ အဲဒီအတွက် အတတ်နိုင် ဆုံး ဆက်လက် ဆောင်ရွက်ဖို့ စစ်ရေးအရ ကျနော်တို့က အကောင်းဆုံးတော့ ပြင်ဆင်ထားတာ ပေါ့နော်။



CAN/CNF အစည်းအဝေးတခု (ဓာတ်ပုံ – CNF)

**မေး ။ ။** ချင်းမှာတော့ လက်တလော တိုက်ပွဲတွေ ငြိမ်နေတယ်ပေါ့နော်။ ဒါပေမယ့် ကရင်နီလို တိုင်းရင်းသား ဒေသတွေမှာ တိုက်ပွဲတွေက ပြင်းထန်ပြီး နေ့စဉ် ဆိုသလို ဖြစ်နေတယ်။ စစ်ကိုင်းတို့ မကွေးတို့လို မြေပြန့်မှာဆိုလည်း တိုက်ပွဲတွေ ရှိနေတာပါပဲ။ အဲဒီတော့ စစ်ကောင်စီနဲ့ ရင်ဆိုင်နေရတဲ့ လက်နက်ကိုင် အဖွဲ့တွေကို အကြံပြုချင်တာ ဘာများ ရှိမလဲ။

**ဖြေ ။ ။** စစ်ကောင်စီရဲ့ လုပ်ရပ်ကို တလျှောက်လုံး ကြည့်လိုက်ရင် စစ်ကောင်စီရဲ့ စစ်ရေးဗျူဟာက စစ်မျက်နှာပြင် တခု တည်းမှာ သာလွန် အင်အားနဲ့ ထိုးစစ်ဆင်ပြီးတော့ စစ်အောင်နိုင်ရေးကို အသုံးပြုလေ့ရှိပါတယ်။ တကွက်တနေရာပဲ ဖွင့်ခဲ့တာ တွေ့ရတယ်။ စစ်မျက်နှာကို အများကြီး ဖွင့်လိုက်ရင် သူတို့ဘက်က အင်အားက ယုတ်လျော့နိုင်တယ်။ သူတို့ လုပ်ရပ်က တကွက် တနေရာ လုပ်လေ့ရှိတယ်။ အဲဒါကို ကျနော်တို့ သတိထားဖို့ လိုတယ်။ အဲဒါကြောင့် ဒီ စစ်ဆင်ရေး ခွင်ကို စစ်မျက်နှာများများ ဖွင့်နိုင်အောင်က ကျနော်တို့ဘက်က လုပ်ရပါမယ်။

အဲဒါမှသာ ဟိုဘက်က အင်အား အလုံးအရင်း မသွားနိုင်အောင်ဆိုပြီးတော့ ကျနော်တို့က အင်အား ခွဲထုတ်တဲ့ ဗျူဟာ ရှိဖို့ ကျနော်တို့ဘက်က ဖွင့်ဖို့ အများကြီးလိုပါတယ်။ အဲဒီအတွက်က ဒီ ဒေသခံကာကွယ်ရေးဆိုတာ ချင်းဒေသခံ ကာ ကွယ်ရေးတင် မဟုတ်ပါဘူး။ ပြည်မက PDF တွေရော တခြားဒေသက ဒေသခံကာကွယ်ရေး တပ်ဖွဲ့တွေရော ကျနော် တို့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့တွေရော ဒီအချိန်မှာ စုစုစည်းစည်းနဲ့ စစ်ရေးအရ ဟန်ချက်ညီညီ ထိုးစစ်ဆင်နိုင် ဖို့က အဓိက ဖြစ်ပါတယ်။ အဲဒါမှသာ သူတို့ အင်အားကို ခွဲလို့ ရမှာပါ။ သူတို့ လုပ်လေ့ လုပ်ထရှိတဲ့ဗျူဟာကို ကျနော် တို့ နားလည်ပြီးသား၊ အဲဒီအပေါ်မှာ ကျနော်တို့ရှိတဲ့ အင်အားနဲ့ ကျနော်တို့ စုစုစည်းစည်းနဲ့ လုပ်ဖို့ လိုပါတယ်။

ဒီနေ့ဒီအချိန်မှာ ကျနော်တို့ တိုင်းရင်းသား လက်နက်ကိုင်တွေရော၊ ဒေသခံ ကာကွယ်ရေး တပ်ဖွဲ့တွေရော၊ CDM ရော စစ်ကောင်စီကို ဆန့်ကျင်တဲ့ အစုအဖွဲ့ အသီးသီးကနေ ဒါကို သိထားဖို့ လိုပါတယ်။ အဲဒါကို ကျနော်တို့ ဘယ်လို တုံ့ပြန် ရမလဲ ဆိုရင် စစ်ကောင်စီရဲ့ သာလွန်အင်အားနဲ့ တနေရာ တကွက်တည်းမှာ ထိုးစစ် မဆင်နိုင်ဖို့ ကျနော်တို့ အချိတ် အဆက်ရှိရှိနဲ့ ဟန်ချက်ညီညီ စစ်ရေးကို ပူးတွဲပြီးတော့ ဆောင်ရွက်ဖို့ လိုပါတယ်။

https://burma.irrawaddy.com/opinion/interview/2022/03/02/250239.html

------------------------------------------------------------------------------------------

## စစ်ကောင်စီတပ်နှင့် MNDAA မုံးကိုးတွင် တိုက်ပွဲ ထပ်ဖြစ်

By ဧရာဝတီ | 2 March 2022

အာဏာသိမ်း စစ်ကောင်စီတပ်နှင့် ကိုးကန့်တပ်ဖွဲ့ဟု လူသိများသော မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ် တပ် (MNDAA) တို့ ရှမ်းပြည်နယ် မြောက်ပိုင်း မုံးကိုးမြို့နယ်တွင် တိုက်ပွဲ ထပ်ဖြစ်နေကြောင်း MNDAA ထံက သိရသည်။

မုံးကိုးမြို့နယ်ရှိ မန်ပင်တောင် အနောက်ဘက်တွင် မတ်လ ၂ ရက် နံနက် ၉ နာရီ အချိန်ခန့်က အာဏာသိမ်း စစ်ကောင် စီတပ်နှင့် MNDAA တို့ကြား တိုက်ပွဲ ထပ်မံ ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း MNDAA ပြန်ကြားရေးဌာနမှ အရာရှိတဦးက ပြောသည်။

"မြန်မာ စံတော်ချိန် ၉ နာရီလောက်က စပြီး ထိုးစစ်ဆင်လာတယ်။ တပ်မ ၉၉ လက်အောက်ခံ ၄၂၀ တပ်ရင်းက လူ ၁၀၀ နီးပါးလောက်နဲ့ လာ ထိုးစစ်ဆင်တာ" ဟု ၎င်းက ဆိုသည်။

တိုက်ပွဲသည် စစ်ကောင်စီဘက်က တပ်ဆုတ်သွားသဖြင့် နံနက် ၁၀ နာရီခွဲတွင် အပစ်ရပ်ခဲ့ကြောင်း MNDAA ပြန်ကြား ရေး ဌာနမှ အရာရှိတဦးက ရှင်းပြသည်။ တိုက်ပွဲအတွင်း MNDAA ဘက်က တစုံတရာ ထိခိုက်မှု မရှိခဲ့သလို စစ်ကောင် စီတပ်ဘက်က ထိခိုက်ကျဆုံးမှုကိုလည်း အတည်မပြုနိုင်သေးကြောင်း ၎င်းက ဆိုသည်။

မတ်လ ၁ ရက် နံနက် ၆ နာရီခွဲကလည်း တရုတ်- မြန်မာနယ်စပ်အနီး မုံးကိုးမြို့နယ်ရှိ မန်ကျယ်ဒေသ အနောက်ဘက် တောင်ကုန်းသို့ စစ်ကောင်စီတပ်က လူအင်အား ၁၀၀ ခန့်ဖြင့် ထိုးစစ်ဆင် တိုက်ခိုက်ခဲ့သေးကြောင်း MNDAA ထံက သိရသည်။

ထိုသို့ တိုက်စစ် မဆင်မီ ဖေဖော်ဝါရီလ ၂၈ ရက်တုန်းကမူ စစ်ကောင်စီတပ်သည် မုံးကိုးမြို့နယ်ရှိ မန်ရန်တပ်စခန်းသို့ လက်နက်ကြီးကျည် အချက်ရေ ၈၀ ကျော် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း MNDAA ဘက်က ဆိုသည်။

MNDAA ပြန်ကြားရေးဌာနမှ အရာရှိတဦးကလည်း စစ်ကောင်စီ တပ်များသည် ဖေဖော်ဝါရီလ ၂၄ ရက်မှ စတင်ကာ ကွတ်ခိုင်မြို့မှတဆင့် စစ်ယာဉ်တန်းများဖြင့် မုံးကိုးတွင် အင်အားဖြည့်တင်းလာပြီးနောက် MNDAA ဥက္ကဋ္ဌဟောင်း ဦးဖုန်ကြားရှင်၏ ဈာပန ကျင်းပရန် ရှိနေစဉ်တွင် တပ်စခန်းများကို တကျော့ပြန်ထိုးစစ်ဆင်လာခြင်း ဖြစ်ကြောင်း ရှင်းပြသည်။

"ကျနော်တို့ ဥက္ကဋ္ဌဟောင်းရဲ့ ဈာပနကို အခွင့်ကောင်းယူပြီး ကျနော်တို့ နောက်တန်းမှာ အလုပ်ရှုပ်နေတယ်။ အလစ်ဖြစ် နေတဲ့ အချိန်ကို သူတို့က အခွင့်ကောင်းယူပြီး ထိုးစစ်ဆင်တာလို့ ထင်ပါတယ်" ဟု ၎င်းက ဆိုသည်။

ဆက်လက်၍ MNDAA ပြန်ကြားရေးဌာနမှ အရာရှိတဦးက လက်ရှိမြေပြင်တွင် MNDAA နှင့် စစ်ကောင်စီတပ်အကြား စစ်ရေးတင်းမာနေပြီး စစ်ကောင်စီဘက်ကလည်း အင်အား ဖြည့်တင်းနေသဖြင့် အချိန်မရွေး တိုက်ပွဲ ထပ်ဖြစ်နိုင်ချေရှိ နေကြောင်း မှတ်ချက်ပြုသည်။

https://burma.irrawaddy.com/news/2022/03/02/250258.html

---------------------------------------------------------------------------------------------------

## ကျောက်မဲလူငယ် မိုင်းနင်းမိ ၁ ဦးသေဆုံး၊ ၁ ဦး ဒဏ်ရာပြင်းထန်

By SHAN - March 2, 2022

သျှမ်းပြည်မြောက်ပိုင်း ကျောက်မဲမြို့နယ် ဗူးခါးနှင့် နားခေါ်ကျေးရွာကြား ရေချောင်းအနီးတွင် ယမန်နေ့ (မတ်လ ၁ )ရက် နေ့လည် ၁၁ နာရီခွဲဝန်းကျင်တွင် လူငယ်အမျိုးသား ၂ ဦး မိုင်းနင်းမိပြီး ၁ ဦး သေဆုံးသွားခဲ့ကြောင်း သတင်းသိရသည်။



ယမန်နေ့ (မတ် ၁)ရက်တွင် ကျောက်မဲမြို့ ရပ်ကွက် ၂ တွင်နေထိုင်သော လူငယ်အမျိုးသား ၃ ဦးသည် နားခေါ်နှင့် ပူးခါးကျေးရွာကြားရှိ ရေချောင်းအနီးသို့ ငါးဖမ်းသွားစဉ် ၂ ဦး မိုင်းနင်းမိခဲ့ပြီး၊ ဒဏ်ရာရသူ ၁ ဦးကို မန္တလေးဆေးရုံသို့ ပို့ဆောင်စဉ် လမ်းတဝက်တွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

"နားခေါ်ရွာ အကျော် တတ်ပါခမ်းရေတံခွန် သွားတဲ့လမ်း ရေချောင်းနားမှာဖြစ်တာ၊ ရှေ့က သွားတဲ့ တစ်ယောက်က မိုင်းနင်းမိပြီး နောက်မှာ ကပ်လိုက်သွားတဲ့ တစ်ယောက်ကိုပါ ထိသွားတယ်၊ ဒဏ်ရာက တော်တော်ပြင်းတယ်။ တစ်ယောက်ကို လားရှိုးဆေးရုံကို ပို့ထားတယ်၊ နင်းမိတဲ့ တစ်ယောက်က မန္တလေးကို ပို့တာ လမ်းတဝက်မှာပဲ ဆုံးသွားတယ်" ဟု ကျောက်မဲ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဒုတပ်ခွဲမှူး ဆရာမ လွေးဥမ္မာက သျှမ်းသံတော်ဆင့်ကို ပြောသည်။

မိုင်းနင်းမိမှုကြောင့် သေဆုံးသွားသူမှာ ရပ်ကွက် ၂ နေ လာဟူး (ခ) နိုင်နိုင်း အသက် (၂၈)နှစ် ဖြစ်ပြီး မိုင်းနင်းမိမှုကြောင့် ခြေထောက် နှစ်ဖက် ကြေမွဒဏ်ရာ၊ မျက်နာနှင့် ခန္ဓာကိုယ်တို့တွင်လည်း ပြင်းထန်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။



လားရှိုးဆေးရုံသို့ ပို့ဆောင်ကုသမှု ခံယူနေသည့် လူငယ်အမျိုးသားမှာ စိုင်းအောင်မိန်း အသက် (၂၂)နှစ်ဖြစ်ပြီး ဝမ်းဗိုက်တွင် မိုင်းစနစ်ဝင် ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ လူငယ်များ မိုင်းနင်းမိသည့် နားခေါ်၊ ပူးခါး ကျေးရွာ အနီးသည် ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း မြောက်ပိုင်းမဟာမိတ် တပ်ပေါင်းစု နှင့် RCSS တို့ တိုက်ပွဲ ပြင်းထန်ခဲ့သည့် နေရာများ ဖြစ်ပြီး မန္တလေး – လားရှိုး ပြည်ထောင်စုလမ်းမကြီး အနီးတွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

တိုင်းရင်းသား လက်နက်ကိုင်တပ်များ တိုက်ပွဲဖြစ်ပွားခဲ့ဖူးသည့် ကျောက်မဲနှင့် သီပေါမြို့နယ် အကြားတွင် ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက သီပေါမြို့နယ် ကျင်သီကျေးရွာအုပ်စုအတွင်းမှ နေရပ်ပြန် စစ်ရှောင် ၂ ဦးမှာလည်း မိုင်းနင်းမိကာ ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

https://burmese.shannews.org/archives/27202

---------------------------------------------------------------------------------------------------